## ၅။ သီးထိုးပိုး

**Fruit boring caterpillar: Yellow Peach Moth: *Conogethes punctiferails* (Guenee, 1854)**

**Lepidoptera: Crambidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ




အကောင်ကြီးအရှည်သည်(၁၂)မီလီမီတာရှိပြီးအဝါရောင်ဖြစ်၍အတောင်ပေါ်တွင်အနက်စက်များစွာတွေ့ရသည်။

### ဖျက်ဆီးပုံလက္ခဏာများ




လောက်ကောင်သည်ပင်စည်၊ကိုင်း၊အဖူး၊အသီးနှင့်အစေ့စသည့်အပင်အစိတ်အပိုင်းများအားဖျက်ဆီးသည်။လောက်ကောင်ဖျက်ဆီးသောအပေါက်မှရောဂါဝင်ကာထိပ်ပိုင်းရှိကိုင်းများဝါ(သို့)ညိုလာပြီးအသီးများပျက်စီးစေသည်။

### ဘဝစက်ဝန်း

ဥ အဆင့် **– ( ၃-၄ )** ရက်

လောက်ကောင်အဆင့် –(၁၇)ရက်

ရုပ်ဖုံးအဆင့် **– (၁၁)** ရက်
အကောင်ကြီးအဆင့် –(၈–၉)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၂)ခြံအတွင်းရှိဖျက်ပိုးကျရောက်ထားသောသစ်ကိုင်းများနှင့်အမှိုက်များအားရှင်းလင်းပါ။

(၂)ပိုးလောက်ကောင်များနှင့် ရုပ်ဖုံးအိမ်များကို စုဆောင်းဖျက်ဆီးပါ။

(၃)ပင်စည်အခေါက်များအားဥများသေစေရန်ခြစ်ချပါ။

(၄)အသီးခူးပြီးချိန်တွင်ပင်စည်ခြောက်၊ကိုင်းခြောက်များအားမီးရှို့ပါ။

(၅)အလင်းရောင်ထောင်ချောက်ဖြင့်အကောင်ကြီးများအားဖမ်းယူပါ။

(၆)အချဉ်ဖောက်ထားသောထန်းလျက်နှင့်မာလာသီယွန်(Malathion) ပိုးသတ်ဆေးနှင့် ရော၍ မျှားစာ အဆိပ်ပြုလုပ်ဖမ်းယူပါ။

(၇)အသီးအားအိတ်စွပ်ပါ။

(၈) ဇီဝပိုးသတ်ဆေး (*Bacillus thuringiensis* subsp. (kurstaki) ပက်ဖျန်းပါ။

(၉) ဥမအုမီ ထိသေ၊စားသေ အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda–cyhalothrin)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)